ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**
ရုံးအမှတ်(၃၂) နေပြည်တော်

# တင်ဒါစည်းမျဉ်းစည်းကမ်းများ

၁။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ရုံးအမှတ်(၃၂) နေပြည်တော်မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ မော်တော်ယာဉ်(၁၇၇)စီးအားမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ သတ်မှတ်ထားရှိသည့် စည်းကမ်းများအတိုင်းအိတ်ဖွင့်ဈေးနှုန်းတင်သွင်းလွှာများတင်သွင်းရန် အကြောင်းကြားအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | Toyota Fortuner Wagon, 2017 Model, (Brand New), Left Hand Drive | (၁၀) စီး | Lot-1 |
| (ခ) | Double Cab, 2017 Model, (Brand New), Left Hand Drive | (၂၁) စီး | Lot-1 |
| (ဂ) | Smart Cab, 2010 Model,(E Grade), | (၇) စီး | Lot-2 |
| (ဃ) | Pick Up(Mini Light Truck), 2010 Model | (၉) စီး | Lot-2 |
| (င) | Light Truck, 2008~2010 Model | (၄၁) စီး | Lot-2 |
| (စ) | Micro Bus(12 seaters),2008 ~2009 Model, Left Hand Drive | (၁၈) စီး | Lot-3 |
| (ဆ) | Mini Bus(29 seaters), 2008~2009 Model, Left Hand Drive | (၃၉) စီး | Lot-3 |
| (ဇ) | Bus(45 seaters), 2008~2009 Model, Left Hand Drive | (၃၂) စီး | Lot-3 |

၂။ အဆိုပြုလွှာများတင်သွင်းသည့်ကုမ္ပဏီ/အဖွဲ့ အစည်းများအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များအပေါ်သေချာစွာဖတ်ရှုပြီးသိရှိနားလည်၍ လိုက်နာဆောင်ရွက်နိုင်မှသာအဆိုပြုလွှာများတင်သွင်းကြရန်ဖြစ်ပါသည်-

(က) ဌာနမှ သတ်မှတ်ထားသောပုံစံများတွင်သာနှုန်းထားများအားစနစ်တကျရေးသွင်း၍ အဆိုပြုတင်ပြရပါမည်။ (နှုန်းထားများဖြည့်သွင်းအဆိုပြုရာတွင် လိုက်နာရမည့်

အသေးစိတ်အချက်အလက်များကိုဈေးနှုန်းယှဉ်ပြိုင်လွှာပုံစံတွင် ပူးတွဲဖော်ပြထားပါသည်)

(ခ) အဆိုပြုသည့် ဈေးနှုန်းများသည် ဌာနကိုဒေါင် ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်အရောက် နှုန်းထားဖြစ်ပြီးမြန်မာကျပ်ငွေဖြင့် ဖော်ပြရပါမည်။

(ဂ) အိတ်ဖွင့်တင်ဒါ ပေးသွင်းသူများသည် Lot (1) အတွက် တင်ဒါအာမခံငွေအဖြစ် ကျပ်(၂၀,၅၀၀,၀၀၀/-)(ကျပ်နှစ်ရာ့ငါးသိန်းတိတိ)ကိုလည်းကောင်း၊ Lot(2)အတွက် တင်ဒါအာမခံငွေအဖြစ် ကျပ်(၈,၅၀၀,၀၀၀/-)(ကျပ် ရှစ်ဆယ့်ငါးသိန်းဆယ် တိတိ)ကိုလည်းကောင်း၊ Lot(3)အတွက် တင်ဒါ အာမခံငွေအဖြစ် ကျပ်(၄၃,၁၀၀,၀၀၀/-) (ကျပ်လေးရာသုံးဆယ့်တစ်သိန်းတိတိ)ကိုလည်းကောင်း (P.O)ဖြင့် တင်သွင်းရမည် ဖြစ်သည်။ ၎င်း Payment Order Cheque (P.O)များကို မြန်မာ့စီးပွားရေးဘဏ်ခွဲ-၄ (ရန်ကုန်)၊ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ-၂ (မန္တလေး)တို့ တွင် ဝယ်ယူ၍ဈေးနှုန်းတင်သွင်းခွင့်ရှိသည်။ Payment Order Cheque (P.O) မူရင်းများကိုဈေးနှုန်းတင်သွင်းလွှာနှင့်အတူတစ်ပါတည်းတင်သွင်းရမည် ဖြစ်ပြီး၊ (P.O) မိတ္တူကိုလက်ခံမည် မဟုတ်ပါ။

(ဃ) တင်ဒါများကိုစာအိတ်နှစ်အိတ်ဖြင့် တင်သွင်းရမည်ဖြစ်ပြီး၊ စာအိတ် "A"တွင် Company Profile နှင့် တင်သွင်းမည့် မော်တော်ယာဉ် များ၏ Specificationများကိုပြည့်စုံစွာထည့်သွင်းတင်ပြရန်နှင့် စာအိတ် "B" တွင် ဈေးနှုန်းအဆိုပြုလွှာ အားထည့်သွင်းတင်ပြရမည် ဖြစ်ပါသည်။ စာအိတ် "A" တွင် အောက်ပါအချက်များပြည့်စုံစွာပါဝင်ရပါမည်-

(၁) သက်တမ်းကုန်လွန်ခြင်းမရှိသေးသည့် ကုမ္ပဏီမှတ်ပုံတင် (သို့ မဟုတ်) လုပ်ငန်းလိုင်စင်

(၂) Specifications Of Supply Vehicle

(၃) ကုမ္ပဏီကိုယ်စားတာဝန်ယူဆောင်ရွက်နိုင်မည့် တာဝန်ခံကိုယ်စားလှယ်အမည် (တင်ဒါလုပ်ငန်းအစအဆုံးတက်ရောက်နိုင်ပြီးဆုံးဖြတ်နိုင်သူဖြစ်ရပါမည်)

(င) ဈေးပြိုင် အဆိုပြုလွှာပုံစံတွင် မူလစာကြောင်းများအကြားအပိုစာရေးသွင်းခြင်း၊ ပုံနှိပ်ခြင်း၊ ဖျက်ခြင်းပြင်ခြင်းမရှိရ။ ရေးသွင်းသူမှားယွင်း၍ လိုအပ်သောအမှား ပြင်ဆင်ခြင်းမှအပအပိုစာသားများမပါရှိရ။မှားယွင်း၍ပြင်ဆင်ခဲ့ရလျှင်လည်း၎င်းပြင် ဆင်ချက်တွင်ပုံစံဖြည့်သွင်းဈေးပြိုင်ပေးသူကလက်မှတ်တိုရေးထိုးရမည်။

(စ) ဈေးပြိုင်ပေးသူသည် စာအိတ်များတွင် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဗဟိုစက် ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်-၃၂၊ နေပြည်တော်လိပ်စာအတိုင်းရေးသွင်းရမည်။

(ဆ) ဆက်သွယ်ဆောင်ရွက်နိုင်မည့်လိပ်စာ / E – mail လိပ်စာ / ဖုန်းနံပါတ် / ဖက်(စ်) နံပါတ်အပြည့်အစုံ Tender Deposit Guarantee Cheque ( P.O Cheque)တွင် ပေးသွင်းသည့် ကုမ္ပဏီအမည် ပါဝင်ရမည်။ ပေးသွင်းသူ၏ အမည်သာဖော်ပြထားသည့် Chequeကိုလက်ခံမည်မဟုတ်ပါ။

(ဇ)

ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနသည်ကုမ္ပဏီ/အဖွဲ့ အစည်းများမှတင်ပြလာသောစာအိတ်“A”ပါ Company Profile များကိုပဏာမစိစစ်မှုအရဖွင့်ဖောက်စစ်ဆေး၍ ဌာန၏လိုအပ်ချက်ဖြင့် ကိုက်ညီပြီးအချက်အလက် ပြည့်စုံမှုရှိသောကုမ္ပဏီအဖွဲ့ များကိုသာဈေးနှုန်းအဆိုပြုလွှာများတင်သွင်းစေမည် ဖြစ်ပါ သည်။ လိုအပ်သည့် Technical ပိုင်းဆိုင်ရာပြည့်စုံမှုသာအဆိုပါတင်ဒါ တင်သွင်းသူတို့ ၏ ဈေးနှုန်းလွှာကိုဆက်လက်စိစစ် ရွေးချယ် မည် ဖြစ်ပါသည်။ အချက်အလက် ပြည့်စုံမှုမရှိသောကုမ္ပဏီ/ အဖွဲ့ အစည်းများအားဈေးနှုန်းအဆိုပြုလွှာတင်သွင်းခြင်းကိုလက်ခံမည်မဟုတ်ဘဲ Tender Deposit Guarantee Cheque (P.O Cheque)ပြန်လည် ထုတ်ပေးမည်ဖြစ်ပါသည်။

(ဈ) တင်ဒါကိစ္စရပ်များနှင့် ပတ်သက်၍ ဆက်သွယ်ရန်ရှိပါကကုမ္ပဏီမှ တင်ပြထားသည့် လိပ်စာအတိုင်းအချိန်မီဆက်သွယ်အကြောင်းကြားမည်ဖြစ်ပြီးဆက်သွယ်မှုမသေချာသည့်လိပ်စာ/ ဖုန်းနံပါတ်တို့ကြောင့် ဆက်သွယ်နိုင်ခြင်းမရှိပါကကုမ္ပဏီ၏ တာဝန်ဖြစ်ပါသည်။ Company Profileနှင့် Tender Deposit Guarantee Cheque (P.O Cheque)တင်သွင်းရန် နောက်ဆုံးသတ်မှတ်ထားသည့်ရက် နောက်ပိုင်းတွင် ကုမ္ပဏီများမှဌာနသို့ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(ည) တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်နေ့ ရက်တွင်အများရှေ့ မှောက်၌အဆိုပြုလွှာစာအိတ်များ ကိုတင်ဒါပုံးသို့ ထည့်သွင်းစေမည်ဖြစ်ပါသည်။

(ဋ) တင်ဒါစိစစ်ရေးကော်မတီမှ ဈေးနှုန်းအဆိုပြုလွှာဖွင့်ဖောက်၍ ဈေးနှုန်းစိစစ်ရာတွင် အစည်းအဝေးခန်းမသို့ ကုမ္ပဏီမှ စေလွှတ်သောကိုယ်စားလှယ် များကိုသာဝင်ခွင့်ပြုပါမည်။ (ကုမ္ပဏီမှတရားဝင် တင်ပြစာပေးပို့ ထားသည့် ကိုယ်စားလှယ် ဖြစ်ရမည့် အပြင် ၎င်းကိုယ်စားလှယ်မှ ဈေးနှုန်းယှဉ်ပြိုင်ခြင်းလုပ်ငန်းစဉ် ပြီးဆုံးသည်အထိတက်ရောက် နိုင်ရပါမည်)

(ဌ) ဈေးနှုန်းအဆိုပြုလွှာများဖွင့်ဖောက်စိစစ်ချိန်တွင် တင်ဒါစိစစ်ရေးကော်မတီဝင် များအနေဖြင့် ဈေးနှုန်းအဆိုပြုလွှာပါ ရေးသွင်းချက်များအပေါ် မရှင်းလင်းသည့်အချက် များကိုသာမေးမြန်းမည်ဖြစ်ပြီးနှုန်းထားပြန်လည်ပြင်ဆင်ခြင်းကိုလက်ခံမည် မဟုတ်ပါ။

(ဍ) ဈေးနှုန်းစိစစ်ခြင်းကိုအောက်ပါအတိုင်းအဆင့်ဆင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(၁) ယာဉ် အမျိုးအစားအလိုက် အဆိုပြုနှုန်းထားများအား Computer တွင် ဖြည့်သွင်း၍ Projector ဖြင့် ပြသပြီးနိမ့်မြင့်စဉ် ဇယားရေးဆွဲပါမည်။

(၂) နိမ့်မြင့်စဉ်ဇယားအရအနည်းဆုံးအဆိုပြုနှုန်းထားသည် ဈေးနှုန်းစိစစ်ရေး ကော်မတီမှမူလတွက်ချက်ထားသည့်အခြေခံနှုန်းထား(ကြမ်းခင်းဈေးနှုန်း)နှင့် လျော်ညီမှုရှိ/မရှိနှိုင်းယှဉ် စိစစ်ပါမည်။

(၃) လျော်ညီမှုရှိပါကအဆိုပါ အနည်းဆုံးအဆိုပြုနှုန်းထားအားမှတ်တမ်းတင်ပြီးယာဉ်အမျိုးအစားအလိုက် နည်းပညာအချက်အလက် Technical Specificationစိစစ်၍ ရွေးချယ်သွားပါမည်။

(၄) ဌာန၏ မူလတွက်ချက်ထားသည့် အခြေခံနှုန်းထား ( ကြမ်းခင်းဈေးနှုန်း ) သတ်မှတ်ချက်မကိုက်သည့် အခြေအနေမျိုးဖြစ်ပေါ်လာပါက ၎င်းသို့ ကြုံတွေ့နေရသည့် ပစ္စည်းအမျိုးအစားအတွက်ရွေးချယ်ခြင်းမပြုတော့ဘဲလုပ်ငန်းစဉ် အသစ် အဖြစ် တင်ဒါအသစ် ပြန်လည်ခေါ်ယူပါမည်။

(ဎ) Technical Specification ကိုက်ညီပြီး၊ ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့်ကုမ္ပဏီများအားရွေးချယ်စိစစ်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြပြီးတင်ဒါအောင်မြင်သည့် ကုမ္ပဏီများအားကြော်ငြာပေးသွားမည် ဖြစ်ပါသည်။

(ဏ) အနည်းဆုံးနှုန်းထားအဆိုပြု၍ ပဏာမရွေးချယ်ခြင်းခံရသောကုမ္ပဏီ/ အဖွဲ့ အစည်းအနေဖြင့် တင်သွင်းလိုခြင်းမရှိတော့၍ နုတ်ထွက်မည်ဆိုပါကယှဉ်ပြိုင်သည့် အဖွဲ့ အစည်းအားလုံးစုံညီချိန် ဈေးနှုန်းယှဉ်ပြိုင်မှုမပြီးဆုံးမီအများရှေ့ တွင် ကြေငြာ ၍နုတ်ထွက်နိုင်ပြီး၎င်းသို့ နုတ်ထွက်ခြင်းအတွက် ဌာနသို့ အပ်နှံထားသည့်Tender Deposit Guarantee Cheque(P.O Cheque) အားသိမ်းယူခြင်းခံရပါမည်။ ဈေးနှုန်းယှဉ်ပြိုင်မှုပြီးမြောက်၍ စာချုပ်ချုပ်ဆိုချိန်ရောက်ရှိမှ နုတ်ထွက်မည်ဆိုပါက Tender Deposit Chequeသိမ်းယူခြင်းခံရမည့်အပြင် ဌာနမှ ဆောင်ရွက်သည့် အိတ်ဖွင့်တင်ဒါ အား (၅) ကြိမ်တိတိဝင်ရောက်ယှဉ်ပြိုင်မှုပိတ်မည် ဖြစ်ပါသည်။

(တ) တင်ဒါ ခေါ်ယူသောယာဉ်များအားအရေအတွက် လျော့၍ဖြစ်စေ၊ တိုး၍ဖြစ်စေဝယ်ယူခြင်းအားလက်ခံရမည်။

(ထ) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသည် အဓိကလိုလားချက်နှင့် ပြည့်စုံ၍ ဈေးအနည်းဆုံးတင်သွင်းသူ၊ စာချုပ်ချုပ်နိုင်ရန်အတွက် အရည်အချင်းများနှင့် ပြည့်စုံသူကိုသာလုပ်ငန်းအပ်နှံစာချုပ် ချုပ်ဆိုမည်ဖြစ်ပါသည်။

(ဒ) တင်ဒါအောင်မြင်သူစာချုပ်ချုပ်ဆိုပြီးသည့် နေ့ မှစ၍ ရက်ပေါင်း (၁၂၀)အတွင်းအပြီးအပြတ် ပေးသွင်းရမည်ဖြစ်သည်။

(ဓ) ပေးသွင်းယာဉ်များအားနည်းပညာစိစစ်ရေးအဖွဲ့ ဖြင့် စိစစ်လက်ခံမည်ဖြစ်ပြီး၊ ကွဲလွဲမှုများရှိပါကလက်ခံမည်မဟုတ်ပါ။

(န) တင်သွင်းယာဉ်များကို (၁)နှစ် အာမခံချက်ပေးရမည်။ အာမခံထားသည့် Warranty ကာလအတွင်းပျက်စီးမှုရှိပါကတာဝန်ယူဆောင်ရွက်ပေးရမည်။

(ပ) ယာဉ်များကိုလုပ်ငန်းလိုအပ်ချက်အရ (အပြည့်အဝ) ရောက်ရှိပြီးမှသာကျသင့်ငွေ ပေးချေရန် နှစ်ဦးနှစ်ဖက် သဘောတူညီသူဖြစ်ရမည်။

(ဖ) မော်တော်ယာဉ်များအားလွှဲပြောင်းပေးရာတွင် လိုင်စင် (Owner Book)၊ယာဉ် သက်သေခံလက်မှတ် (Wheel Tax) နှင့် တင်သွင်းလာစဉ်ကစာရွက်စာတမ်းများအားလုံးအပြည့်အစုံပါရှိရပါမည်။

(ဗ) လွှဲပြောင်းအပ်နှံမည့် မော်တော်ယာဉ်များအားမော်တော်ယာဉ်၏ ဘေးတိုက်နှင့် ရှေ့ တည့်တည့်မှ ရိုက်ကူးထားသည့် ဆေးရောင်စုံဓာတ်ပုံ(၂)ပုံပါရှိရပါမည်။

(ဘ) တင်ဒါအောင်မြင်သူသည် စာချုပ်ချုပ်ဆိုသည့်အခါ အောင်မြင်တင်ဒါတန်ဖိုး၏ ၁၀%အားမြန်မာ့စီးပွားရေးဘဏ်တွင် လုပ်ငန်းပြီးမြောက်မှုအာမခံ(Performance Guarantee)တင်သွင်းရမည်ဖြစ်ပြီး၊ စာချုပ်ပါအပ်နှံရမည့်သတ်မှတ်နေရာသို့ ယာဉ် များ၊စာရွက်စာတမ်းများအပ်နှံပြီးပါကပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် စာချုပ်ပါစည်းကမ်းအတိုင်းပေးသွင်းရန် ပျက်ကွက်ပါက ၎င်း(Performance Guarantee) အားနိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည် ဖြစ်ပါသည်။

(မ) တင်ဒါရွေးချယ်ခံရသည့်ပုဂ္ဂိုလ်/ကုမ္ပဏီမှဌာနသို့ မော်တော်ယာဉ်များလွှဲပြောင်းအပ်နှံပြီးလျှင်တင်ဒါအောင်မြင်သည့် ဈေးနှုန်း၇၅%ကိုပေးချေပြီး ဝယ်ယူသူအမည်ပေါက် ဆောင်ရွက်ပြီးမှသာမော်တော်ယာဉ် တန်ဖိုးကျန်ငွေ၂၅%ကို ပေးချေပါမည်။ အပြီးအပြတ် ငွေပေးချေခြင်းကို ၂၀၁၇ ခုနှစ် ပြည်ထောင်စုအခွန်အကောက် ဥပဒေအရကျသင့် ကုန်သွယ်လုပ်ငန်းအခွန် (၅)% အားသက်ဆိုင်ရာမြို့ နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ပေးသွင်းပြီးဖြစ်ကြောင်းအထောက်အထားပေးမှ သာပေးချေမည် ဖြစ်ပါသည်။

(ယ) တင်ဒါအောင်မြင်သည့် ကုမ္ပဏီ/ အဖွဲ့ အစည်းများသည် ဝယ်ယူမည့်ယာဉ်များအတွက် သတ်မှတ်ထားသောအခွန်(With Holding Tax)အားမြန်မာကျပ်ငွေဖြင့် နိုင်ငံတော် သို့ ပေးဆောင်ရမည်ဖြစ်သည်။

(ရ) တင်ဒါအောင်မြင်သူသည် စာချုပ် ချုပ်ဆိုရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသောစာချုပ် တံဆိပ်ခေါင်းဖြင့် ဥပဒေနှင့်အညီချုပ်ဆိုကျခံရမည်။

(လ) အထက်ဖော်ပြပါ အချက်အလက်များတွင် သီးခြားဖော်ပြမထားသောကိစ္စရပ်များနှင့် ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါကဌာန၏ ဆုံးဖြတ်ချက် သည်သာအတည် ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန

# Specifications of Toyota Fortuner , 2017 Model, Left Hand Drive

| | |
|---|---|
| Make | Toyota |
| **Sub brand** | Fortuner |
| Country of Origin | Thailand |
| Model  Year | 2017 |
| Engine Model | 1GD-FTV |
| Engine Type | Direct injection, 4 Cyinder in Line DOHC 16 Valve, VNT with intercooler |
| Displacement | 2755 CC |
| Fuel system | Direct injection Common Rail(D-4D) |
| Max Power | 163 PS/ 3400rpm |
| Max Torque | 343 Nm/ 1400~3200 rpm |
| Tyre | 265/60R18 Alloy |
| Transmission | 6-Speed Automatic |
| **Fuel Type** | Diesel |
| **Dimensions** | |
| Overall Length x width x Heigth(mm) | 4705x1840x1850 |
| Wheelbase (mm) | 2750 |
| **Safety** | |
| Airbag | Driver, Passenger, Kneel for D, Side Curtain Shield |
| Power Window | Speed auto lock |

| | |
|---|---|
| Audio System | Display/ DVD/ Bluetooth/ 6 Speakers + door tweeter |
| Steering | Power Steering |
| Wheels Metal Type | Alloy |
| Option | Spare wheel, Jack, Spanner, Standard Option, Air Con; |
| Car Inspection Grade | Brand New |

## Specifications of Double Cab, 2017 Model(Brand New), Left Hand Drive

| | |
|---|---|
| Country of Origin | Japan/Thailand |
| Engine Type | 4 Cylinders, In-line Type 16 valve DOHC |
| Displacement cc. | 2500 cc~3000 cc |
| Fuel Type | Diesel |
| Suspension | Front- Double Wishbone<br>Rear- Leaf Spring Rigid Axle |
| Brake Front | Ventilated Discs |
| Brake Back | Leading-trailing drum |
| Tyre | 265/65 R17 Alloy |
| Transmission | Automatic |
| Features | Air Conditioner, Power windows, Power steering, AM/FM stereo with DVD player, central locking |
| Option | Spare wheel, Jack, Spanner, Standard Option |
| Car Inspection Grade | Brand New |

# Specifications of Smart Cab(E Grade)
# 2010 Model

| | |
|---|---|
| Country of Origin | Japan/Thailand |
| Engine Type | 4 Cylinder 16 valve DOHC Turbo Intercooler |
| Displacement cc. | 2500 cc~3000 cc |
| Suspension Front | Independent-wishbone, torsion bar with stabilizer |
| Suspension Back | Rigid-elliptic leaf springs |
| Brake Front | Ventilated Discs |
| Brake Back | Drum with brake oil valve Super LSPV with LTS |
| Tyre | 205/70R15 Alloy |
| Transmission | Manual/Auto, 2WD |
| Features | Air Conditioner, Power windows, Power steering, AM/FM stereo with DVD player, central locking |
| Option | Spare wheel, Jack, Spanner, Standard Option |
| Car Inspection Grade | 4B |

# Specifications of Pick Up(Mini Light Truck)
# 2010 Model

| | |
|---|---|
| Country of Origin | Japan/ India |
| Model | 2010 |
| Type | Gasoline |
| Cylinders, Valves | L3, DOHC, 12V |
| Displacement (cc) | 660 cc~1000 cc |
| Transmission Type | Manual/ Auto , 2WD (Rear) |
| Tyre | 145R12-6PR |
| Seating | 2 |
| Option | Spare wheel, Jack, Spanner,<br>Standard Option |
| Car Inspection Grade | 4B |

# Specifications of  Light Truck

| | |
|---|---|
| Country of Origin | Japan |
| Class | Light |
| Model | 2008 ~2010 |
| **Engine** | |
| Horse power | 86ps (63kw) |
| Fuel | Diesel |
| Displacement | 2000 cc |
| **Gear** | |
| Transmission | Auto(or) Manual |
| Drive Type | 2WD (Rear Double Wheel) |
| **Body** | |
| Style | Flat Body |
| Loading Capacity | 850 kg ~1000 kg |
| **Option** | Spare wheel(Front, Rear), Jack, Spanner, Power steering, A/C Front, AM/FM Radio, Power windows |
| Car Inspection Grade | 4B |

# Specifications of Micro Bus, 12 Seaters

# Left Hand Drive

| | | |
|---|---|---|
| Country of Origin | | Japan/Korea |
| Model | | 2008 ~2009 |
| Engine | | 4 Cylinder, Gasoline/ Diesel |
| Displacement | | 2500 cc~3000 cc |
| Drive Type | | LHD 4x2 |
| Transmission Type | | Auto |
| Seating Capacity | | 12 Seaters |
| Break | Front | Disc |
| | Rear | Drum |
| Wheel | | Alloy Wheel |
| Option | | Air Conditioner, Power Steering<br>Spare wheel(Alloy), Jack, Spanner, AM/FM Radio, Power windows, Back camera |
| Car Inspection Grade | | 4B |

# Specifications of Mini Bus, 29 Seaters,

# Left Hand Drive

| | |
|---|---|
| Country of Origin | Korea |
| Model | 2008 ~2009 |
| Engine | 4 Cylinder, Diesel, Euro 3 |
| Displacement | 3900 cc~4200 cc |
| Drive Type | LHD 4x2 |
| Seating Capacity | 28+1 |
| Tyre | 7.00R16-12PR |
| Interior & Convenience Features | AM/FM radio, DVD,AirConditioner,Auto Folding Passenger Door, Door Open Auto Light, Fire extinguisher |
| **Option** | Spare wheel, Jack, Spanner, Power steering, Back camera |
| Car Inspection Grade | 4B |

# Specifications of Bus, 45 Seaters,

# Left Hand Drive

| | | |
|---|---|---|
| Country of Origin | | Korea |
| Model | | 2008 ~2009 |
| Engine | | 6 Cylinder, Diesel |
| Displacement | | 11000 cc~12500 cc |
| Drive Type | | LHD 4x2 |
| Seating Capacity | | 45+1 |
| Suspension | | Air |
| Service Brake | | Full Air |
| Tyre | Front | 11R22.5-16PR |
| | Rear | 10.00x20-16PR<br>11R22.5-16PR |
| Interior & Convenience Features | | AM/FM radio, DVD ,TV, Refrigerator, Air Conditioner, Auto Folding Passenger Door , Fire extinguisher |
| **Option** | | Spare wheel(Front, Rear), Jack, Spanner, Power steering, Back camera |
| Car Inspection Grade | | 4B |